ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တရားလွှတ်တော်ရှေ့နေများကောင်စီ

နေပြည်တော်

**ကြေညာချက်အမှတ် ၁၃/၂၀၂၃**

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၂၄ ရက်)

**တရားလွှတ်တော်ရှေ့နေများ နှစ်စဉ်ကြေး ပုံမှန်ပေးသွင်းရန် ပထမအကြိမ် နှိုးဆော်ခြင်း**

၁။ တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြုလက်မှတ်ပေးအပ်ပြီးသူများစာရင်း၌ အမည်ပါရှိသည့် တရားလွှတ်တော်ရှေ့နေများသည် နှစ်စဉ်ကြေးများကို ပုံမှန်ပေးသွင်းကြရန် တာဝန်ရှိပါသည်။ တရားရုံးများလက်စွဲ အပိုဒ် ၁၅ တွင် **"နှစ်စဉ်ကြေးကို တရားရုံးချုပ်ရှေ့နေအသီးသီးက တရားရုံးချုပ်ရှေ့နေများကောင်စီသို့ နှစ်စဉ် နှစ်တိုင်း မတ်လ ၃၁ ရက်နေ့တွင် ဖြစ်စေ၊ ထိုနေ့မတိုင်မီ ဖြစ်စေ ပေးဆောင်ရမည်"** ဟု ပါရှိပါသည်။

၂။ သို့ဖြစ်ပါ၍ တရားရုံးများလက်စွဲ အပိုဒ် ၁၅ နှင့်အညီ တရားလွှတ်တော်ရှေ့နေများအနေဖြင့် နှစ်စဉ်ကြေးများကို ပုံမှန်ပေးသွင်းကြရန်နှင့် နှစ်စဉ်ကြေးကို မပေးဆောင်သည့်အတွက် ထိုက်သင့်မည့် စည်းကမ်းသေဝပ်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှုပြုနိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပထမအကြိမ် နှိုးဆော်ကြေညာအပ်ပါသည်။

အမိန့်အရ

(လှဟန်)
အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေများကောင်စီ

စာအမှတ်၊ ၁-၄/တရစ/နပတ (၀၈၅)
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၄ ရက်

ဖြန့်ဝေခြင်း

ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်
ဥပဒေရေးရာဝန်ကြီးဌာန

D:\BC NEW BACK UP-21\ကြေညာချက်.docx

မိတ္တူကို -

- တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ
- တရားလွှတ်တော်ရှေ့နေများကောင်စီဒုတိယဥက္ကဋ္ဌ
- တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင်များ
- တရားလွှတ်တော်ရှေ့နေများကောင်စီအတွင်းရေးမှူး
- ရုံးလက်ခံ/မျှောစာတွဲ